တာ၍ မိမိကိုယ်ကို"ရှင်ရာဟုလာ၏ညီတော်တပါး"ဟု ဆိုရလောက်အောင် သာသနာ့ကျက်သရေကို ဆောင်ကြပါ။

## ရှင်ရေဝတ အကြောင်း

**မယ်တော်ကြီး စဉ်းစားခြင်း။** ။အရှင် သာရိပုတြာ မထေရ် မြတ်မှာ ညီအစ်ကို မောင်နှမ ၇-ယောက် ရှိ၏၊ "စုန္ဒ, ဥပသေန"ဟူသော ညီတော် ၂-ယောက်နှင့်"စာလာ, ဥပစာလာ, သီသုပစာလာ"မည်သော နှမတော် ၃-ယောက်တို့သည် ရဟန်းပြု၍ ရဟန္တာ ဖြစ်နှင့်ကြလေပြီ၊ "ရေဝတ"မည်သော အငယ်ဆုံး ညီတော် တယောက်သာ လူ့ဘောင်၌ ကျန်တော့၏၊ မယ်တော် ပုဏ္ဏေးမကြီးကား ထိုအချိန်မှာ ဗုဒ္ဓဘာသာ မဖြစ်သေး၊ထို့ကြောင့် သူ၏ ရှစ်ဆယ့်ခုနစ်ကုဋေသော ဥစ္စာတွေကို အမွေခံရစ်မည့်သူ မရှိမည်စိုးသောကြောင့် အငယ်ဆုံးသားကို ၇-နှစ်အရွယ်ကပင် လက်ထပ်ထားရန် ကြံစည်လေသည်။

**လက်ထပ်ခြင်း။** ။ထို့နောက် အခြား တရွာ၌ရှိသော အမျိုးအဆွေ ဇာတ်ချင်းတူသော သတို့သမီးကလေးတယောက်၏ မိဘများထံ လက်ထပ်ဘို့ရန် ပြောဆို၍ လက်ထပ်မည့်နေ့ ရောက်သောအခါ ရေဝတ သတို့သားကို အဝတ်တန်ဆာ ဆင်ပြီးလျှင် ထိုရွာသို့ သွားကြလေသည်။

လက်ထပ်ခြင်းကိစ္စပြီးသောအခါ အသက် တရာ့နှစ်ဆယ်ရှိသော အဖွားကြီးကို သတို့သမီးကလေးအား ကန်တော့ခိုင်း၍ "ဤ ဖွားဖွားကြီးကဲ့သို့ အသက် ရာကျော် ရှည်ပါစေ"ဟု ဆွေမျိုးအားလုံးက ဝိုင်း၍ ဆုတောင်းကြလေသည်။